

# A COUNTRY ON THE MOVE:

## မြန်မာနိုင်ငံ၊ မြို့ကြီး (၂) မြို့ရှိ ပြည်တွင်းပြောင်းရွှေ့ လုပ်သားများ

လူမှုရေး နှင့် စီးပွားရေးဆိုင်ရာ အကြောင်းအရာ စောင့်ကြည့်လေ့လာမှု

**အထူးအကျဉ်းချုပ်**

WORLD BANK GROUP

funded by:

Livelihoods and Food Security Trust Fund

## ကျေးဇူးတင်လွှာ

မြန်မာနိုင်ငံ ကျေးလက်လူထု၏ စားနပ်ရိက္ခာဖူလုံမှုနှင့် အသက်မွေးမှုများ တိုးတက်ကောင်းမွန်ရေးအတွက် ရန်ပုံငွေ ထည့်ဝင်လှူဒါန်းကြသော ဥရောပသမဂ္ဂနှင့် ဩစတြေးလျ၊ ဒိန်းမတ်၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ လူဇင်ဘတ်၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူနိုက်တက်ကင်းဒမ်း နှင့် အမေရိကန်ပြည်ထောင်စု အစိုးရများကို ကျေးဇူးအထူးတင်ရှိပါသည်။ LIFT တွင် ပုဂ္ဂလိကကဏ္ဍမှ ပထမဆုံးထည့်ဝင်လှူဒါန်းသည့် မစ်ဆူဘီရှိ ကော်ပိုရေးရှင်းကိုလည်း ကျေးဇူးတင်ရှိပါသည်။

## အသိပေးကြေငြာချက်

ဤစာတမ်းကို ဥရောပသမဂ္ဂ၊ ဩစတြေးလျ၊ ဒိန်းမတ်၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ လူဇင်ဘတ်၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူနိုက်တက်ကင်းဒမ်း၊ အမေရိကန်ပြည်ထောင်စုနှင့် မစ်ဆူဘီရှိကော်ပိုရေးရှင်းတို့ ထည့်ဝင်လှူဒါန်းထားသည့် LIFT ရန်ပုံငွေ၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်သည်။ ယခု စာတမ်းတွင် ရေးသားဖော်ပြချက်များသည် LIFT အလှူရှင်များ၏ တရားဝင် အတည်ပြုထားသည့် အမြင်များဟု မယူဆနိုင်ပါ။

## အထူးအကျဉ်းချုပ်


MUCH
BIGGER
YOURS



# စက်ရုံအလုပ်သမား

မြန်မာနိုင်ငံ၏စီးပွားရေးသည် လွန်ခဲ့သော ၄နှစ်တွင် စိုက်ပျိုးရေးမှ စက်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများဆီသို့ အနည်းငယ် ပြောင်းရွှေ့သွားသည်ကို တွေ့ရှိရသည်။ ၎င်းသည် ကျေးလက်စိုက်ပျိုးရေးအခြေပြုသည့် စီးပွားရေးမှ ပိုမို မြို့ပြဆန်သည့် စက်မှုနှင့်ဝန်ဆောင်မှုအခြေပြုသည့် စီးပွားရေးဆီသို့ အခြေခံ အဆောက်အအုံဆိုင်ရာ ပြောင်းလဲခြင်း၏အစဟု မှတ်သားနိုင်သည်။ မြို့ပြအသွင်သို့ ကူးပြောင်းခြင်းနှင့် မြို့ပြဒေသများတွင် အလုပ်အကိုင်များ ဖန်တီးပေးခြင်းတို့သည် အလုပ်သမားအင်အားနှင့် ရွှေ့လျားနိုင်မှုတို့တွင် သိသာထင်ရှားသည့် သက်ရောက်မှု ရှိနိုင်ရန်အတွက် အလားအလာရှိပြီး၊ အထူးသဖြင့် ကျေးလက် စိုက်ပျိုးရေးလုပ်သားအင်အားစု၏ အများစုဖြစ်သည့် မြေယာမဲ့သူများနှင့် မြေအနည်းငယ်သာ ပိုင်ဆိုင်သူများအတွက်ဖြစ်သည်။ ပြည်တွင်း ရွှေ့ပြောင်းမှုသည် တောင်ကိုရီးယား၊ တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့ အပါအဝင် ဒေသအတွင်းရှိ အခြားနိုင်ငံ အများအပြားအတွက် အရေးကြီးသည့် အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ၎င်းသည် ဆင်းရဲနွမ်းပါးမှုအား လျော့ကျစေခဲ့ပြီး ကြံ့ကြံ့ခံနိုင်သည့် အသက်မွေးဝမ်းကျောင်းများအားလည်း ပံ့ပိုးပေးနိုင်ခဲ့သည်။ သို့သော် ထိုအခွင့်အလမ်းများ နောက်ဆီသို့လိုက်ခြင်းသည် ရွှေ့ပြောင်းရန် ကြိုးပမ်းခြင်း၊ မအောင်မြင်မှုမှရရှိသည့် တုန်လှုပ်ခြောက်ခြားမှုများအား အများအားဖြင့် ဒဏ်ခံနိုင်စွမ်းမရှိသော ဆင်းရဲသည့် ရွှေ့ပြောင်းအိမ်ထောင်စုများအတွက် အန္တရာယ်များ ကျရောက်နိုင်သောကြောင့် သူတို့၏ အသက်မွေးဝမ်းကျောင်းများအား ပံ့ပိုးနိုင်ရန် အန္တရာယ်များအား ပိုမိုကောင်းမွန်စွာ ရင်ဆိုင်နိုင်စေပြီး ရွှေ့ပြောင်းခြင်းနှင့်ပတ်သက်သော အသိရှိရှိ ရွေးချယ်မှုများ ပြုလုပ်နိုင်ရန်အတွက် အသိပညာအား အခြေပြုခြင်းကို ဖော်ထုတ်သွားရန် လိုအပ်မည်။ ရွှေ့ပြောင်းခြင်း စီးဆင်းမှုများသည် ကျေးလက်ဒေသများတွင် ရေရှည် လူမှုရေးနှင့် စီးပွားရေး သက်ရောက်မှုများလည်း ဖြစ်ပေါ်နိုင်ကာ အကြောင်းမှာ လုပ်သားအင်အားစုဝင်များ၊ အထူးသဖြင့် လူငယ်များသည်

မြို့ပြအသွင်သို့ကူးပြောင်းခြင်းနှင့် မြို့ပြဒေသများတွင် အလုပ်အကိုင်များ ဖန်တီးပေးခြင်းတို့သည် အလုပ်သမားအင်အားနှင့် ရွှေ့လျားနိုင်မှုတို့တွင် သိသာထင်ရှားသည့် သက်ရောက်မှုရှိနိုင်ရန်အတွက် အလားအလာရှိပြီး၊ အထူးသဖြင့် ကျေးလက်စိုက်ပျိုးရေးလုပ်သားအင်အားစု၏ အများစုဖြစ်သည့် မြေယာမဲ့သူများနှင့် မြေအနည်းငယ်သာ ပိုင်ဆိုင်သူများအတွက် ဖြစ်သည်။

ကျေးရွာများမှမြို့များသို့ ရွှေ့ပြောင်းသွားလေ့ရှိသည်။ ၎င်းတို့ထဲတွင် အဓိက ကျသည့် ပြည်သူ့မူဝါဒ ရွေးချယ်မှုများပါဝင်ပြီး၊ ထိုအထဲတွင် နေရာဖွံ့ဖြိုးခြင်း၊ မြို့ပြအသွင်သို့ ကူးပြောင်းခြင်း၊ ဝန်ဆောင်မှုပို့ဆောင်ခြင်းနှင့် ဆင်းရဲ နွမ်းပါးမှုလျှော့ချခြင်းတို့ ပါဝင်သည်။ အစိုးရအနေနှင့် ဖြစ်နိုင်ခြေရှိသည့် ရွှေ့ပြောင်းမှုများနှင့် ပတ်သက်သည့် အချက်အလက်များ ရရှိရန်လိုအပ်ပြီး၊ ထိုမှသာလျှင် ကျေးလက်မှ မြို့ပြသို့ ရွှေ့ပြောင်းသူများအတွက် အစီအစဉ်များ ရေးဆွဲနိုင်ပြီး ဝန်ဆောင်မှုများပေးနိုင်ကာ မှန်ကန်သည့်မူဝါဒများလည်း ရွေးချယ် ချမှတ်သွားနိုင်မည်ဖြစ်သည်။ ယခုပြောင်းလဲနေသည့် အနေအထားအောက်တွင် လုံခြုံစိတ်ချရပြီး အသိရှိရှိ နေရာပြောင်းရွှေ့ခြင်းများမှ တစ်ဆင့် ဟန်ချက်ညီပြီး အားလုံးပါဝင်သည့် ဖွံ့ဖြိုးမှု မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခြင်းကို ပံ့ပိုးရန်အတွက် လက်ရှိတည်ရှိနေသော ပြောင်းရွှေ့ခြင်း အလေ့အထများ၏ လှုံ့ဆော်ချက်များ၊ ပုံပန်းသဏ္ဌာန်များနှင့် ရွှေ့လျားပုံများအား နားလည်ခြင်းသည် အလွန် အရေးကြီးသည်။

ဤလေ့လာမှု၏အဓိက ဦးတည်ချက်မှာ မြန်မာနိုင်ငံရှိ အချို့သောဒေသများအတွင်း နှင့်ထိုဒေသများမှ ပြောင်းရွှေ့ခြင်းများသည် ကျေးလက်အိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းများနှင့် ကျေးရွာများ၏ လူမှုရေးနှင့် စီးပွားရေး အခင်းအကျင်းတို့ကို မည်ကဲ့သို့နှင့် မည်သည့်အတိုင်းအတာဖြင့် ထိရောက်မှု ရှိသည်နှင့်ပတ်သက်ပြီး အသေးစိတ် သက်သေအထောက်အထားများ ရယူရန်နှင့် ဓမ္မဓိဋ္ဌာန်ကျကျ အကဲဖြတ်မှု ပြုလုပ်ရန်တို့ ဖြစ်သည်။ ဤလေ့လာမှုသည် ပြောင်းရွှေ့ရန်ဆုံးဖြတ်ချက်များ မည်ကဲ့သို့ ချမှတ်သည်၊ ပြောင်းရွှေ့သူများ ရင်ဆိုင်ရသည့် အဓိက အတားအဆီးများနှင့် အန္တရာယ်များနှင့် ၎င်းတို့အား စီမံခန့်ခွဲရန် ပေါ်ထွက်လာသည့် တစ်ဦးချင်းနှင့် အိမ်ထောင်စုအလိုက် မဟာဗျူဟာများကို နားလည်ရန်ကြိုးစားပါသည်။ ထို့အပြင် ရပ်ရွာလူထုများ ရွှေ့ပြောင်းခြင်းကြောင့် အချိန်ကာလနှင့်အညီ ပိုမိုကျယ်ပြန့်သည့် ပြောင်းလဲမှုများ ဖြစ်လာပုံနှင့် ပြောင်းရွှေ့သူများ ထွက်ခွာခြင်းနှင့် ပြန်လည် ဝင်ရောက်လာခြင်းတို့ကြောင့် ၎င်းတို့၏မိသားစုအတွင်းနှင့် ရပ်ရွာအတွင်းတို့တွင် လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ သက်ရောက်မှုများအားလည်း နားလည်ရန် ကြိုးပမ်းခြင်း ဖြစ်သည်။ ပိုင်းခြားစိတ်ဖြာသည့် မူဘောင်အား အဓိကမေးခွန်း ၄ ခုအပေါ်မူတည်၍ ရေးဆွဲထားခြင်းဖြစ်သည် – ပြောင်းရွှေ့သူတွေက ဘယ်သူတွေလဲ၊ ထိုသူတွေက ဘာဖြစ်လို့ပြောင်းရွှေ့ဖို့ ရွေးချယ်သလဲ၊

ပြောင်းရွှေ့ခြင်း မဟာဗျူဟာတွေက ဘာတွေလဲ နှင့် ပြောင်းရွှေ့ခြင်းက ကျန်ခဲ့တဲ့မိသားစုတွေနဲ့ ရပ်ရွာလူထုတွေအပေါ် မည်သည့် သက်ရောက်မှုများ ရှိသလဲတို့ဖြစ်သည်။

ဤလေ့လာမှုသည် မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးများဖြစ်သော ဧရာဝတီနှင့် မကွေးတို့ကို အာရုံစိုက်ပြီး၊ ၎င်းတို့မှာ မြန်မာနိုင်ငံ၏ များစွာသော ကျေးလက်ဆင်းရဲနွမ်းပါးသူတို့ နေထိုင်သည့်နေရာများ ဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏ ကြီးထွားမှုနှင့် အလုပ်အကိုင်အခွင့်အလမ်း ဖော်ထုတ်မှုတို့၏ အဓိကဗဟို အချက်အခြာများဖြစ်သော ရန်ကုန်နှင့် မန္တလေးမြို့ကြီးများနှင့် အသီးသီး နီးစပ်သောကြောင့် ဖြစ်သည်။

ဤလေ့လာမှုသည် အထက်တွင်ဖော်ပြထားသော  အဓိကမေးခွန်း ၄ ခုအား အရေအတွက်နည်းလမ်းသာမက အရည်အသွေးနည်းလမ်းများကိုပါ အသုံးပြု၍ ချဉ်းကပ်ပါသည်။ အဓိကအားဖြင့် ပြောင်းရွှေ့သူများနှင့် ပြောင်းရွှေ့မှုတို့၏ ပုံရိပ်နှင့် ပုံပန်းသဏ္ဍာန်တို့အား ဖော်ထုတ်ရာတွင် အရေအတွက် ပဓာနထားသည့် သုတေသနအား အဓိကအသုံးပြုပြီး အရည်အသွေး ပဓာနထားသည့် သုတေသနဖြင့် ပိုမိုနက်ရှိုင်းစွာနားလည်ရန် အာရုံစိုက်သည့်အရာများမှာ – (၁) ပြောင်းရွှေ့မှု မဟာဗျူဟာများ၊ (၂) လူမှုကွန်ရက်များ၏ အခန်းကဏ္ဍ၊ (၃) ထွက်ခွာသွားသော ဒေသများအပေါ် ပြောင်းရွှေ့ခြင်း၏ လူမှုရေးဆိုင်ရာ သက်ရောက်မှုများနှင့် (၄) အိမ်ထောင်စုအဆင့်တွင် ကျန်ရစ်သူများအပေါ် ပြောင်းရွှေ့ခြင်း၏ သက်ရောက်မှုများဖြစ်သည်။ အရေအတွက် ပဓာနထားသည့် လေ့လာမှုသည်  Living Standards Measurement Survey (LSMS) အိမ်ထောင်စု မေးခွန်းလွှာအပေါ် အခြေပြုထားပြီး၊ ထိုအထဲတွင် ဤလေ့လာမှုက လွှမ်းခြုံသည့် အပူပိုင်းဇုန်နှင့် မြစ်ဝကျွန်းပေါ်စိုက်ပျိုး–ဂေဟဇုန်များ (မကွေးနှင့် ဧရာဝတီအသီးသီး)၏ ဒေသများရှိ အလုံးစုံ ပြောင်းရွှေ့ခြင်း ပုံစံများကို ကိုယ်စားပြုသည့် ပုံရိပ်တစ်ခု ဖော်ထုတ်နိုင်မည့် ကျယ်ပြန့်သည့် ပြောင်းရွှေ့ခြင်းဆိုင်ရာ လေ့လာမှု အစိတ်အပိုင်းတစ်ခုလည်း ပါဝင်သည်။ ဒေသနှစ်ခုစလုံးရှိ သက်ရောက်သည့် ညွှန်းကိန်းများအတွက် ကိုယ်စားပြု ခန့်မှန်းချက်များ မှန်ကန်စေရန် နမူနာအနေနှင့်  ဒေသတစ်ခုတွင် အိမ်ထောင်စု ၈၀၀စီသတ်မှတ်ကာ အိမ်ထောင်စု စုစုပေါင်း ၁၆၀၀ အား နမူနာယူသည်။

ယခုနှစ်များတွင် ပြောင်းရွှေ့မှုသည် သိသိသာသာတိုးပွားလာပြီး အထူးသဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးအသွင်ကူးပြောင်းသည့် ၂၀၁၁မှစ၍ ဖြစ်သည်။

ရောဝတီနှင့် မကွေးတိုင်းဒေသကြီးများရှိ ပြောင်းရွှေ့ခြင်း၏ ယေဘုယျ ပုံသဏ္ဍာန်အား ဖော်ပြသည့် လေ့လာမှုရလဒ်များမှရရှိသည့် သရုပ်ဖော် စာရင်းအင်းများအပြင် နောက်ပြန်ဆွဲသည့် စိတ်ဖြာလေ့လာမှု (regression analysis) မှ ရရှိသည့်ရလဒ်များသည်လည်း ဤလေ့လာမှုတွင် အသက်မွေး ဝမ်းကျောင်းဆိုင်ရာ ရွေးချယ်စရာလမ်းများအနေနှင့် ဖော်ပြထားသည့် သွားရောက်သည့်နေရာများ၏ လူဦးရေအမျိုးအစား မျိုးစုံတို့အတွက် ပြောင်းရွှေ့ရန် ဆုံးဖြတ်ချက်ချခြင်းများနှင့် ပတ်သက်သည့် အဓိက အကြောင်းအရာများအား သိရှိနားလည်မှုအချို့လည်း ပေးသည်။ အရည်အသွေး ပဓာနထားသည့် သုတေသနအား စေလွှတ်သည့် ကျေးရွာ ၈ ခုနှင့် လက်ခံသည့် မြို့ပြ ၅ နေရာ တို့တွင် ပြုလုပ်ခဲ့သည်။ ကျေးရွာတစ်ခုစီတွင် အုပ်စုလိုက် ဆွေးနွေးပွဲများကို ကျေးရွာ အာဏာပိုင်များ၊ လူမှုစီးပွားရေး အုပ်စုအမျိုးမျိုးမှ အိမ်ထောင်စုများနှင့် ပြောင်းရွှေ့သွားသူများ၏ ပုံပန်းသဏ္ဍာန်နှင့် ကိုက်ညီသော်လည်း ပြောင်းရွှေ့ခြင်း မပြုလုပ်သေးသည့် အမျိုးသားများနှင့် အမျိုးသမီးများဖြင့် ပြုလုပ်ခဲ့သည်။ သုတေသနပြုလုပ်ချိန်တွင် ပြောင်းရွှေ့သူ အိမ်ထောင်စုဝင်တစ်ဦး ရှိသူများ၊ ပြန်ရောက်လာသော ပြောင်းရွှေ့သူ အိမ်ထောင်စုဝင်ရှိသူများနှင့် ပြောင်းရွှေ့မှု ရှိနိုင်ခြေရှိသော အိမ်ထောင်စုဝင်များနှင့်လည်း အဓိကအချက်အလက်ရရှိရေး တွေ့ဆုံမေးမြန်းပွဲများ ပြုလုပ်ခဲ့သည်။

ယခုနှစ်များတွင် ပြောင်းရွှေ့မှုသည် သိသိသာသာတိုးပွားလာပြီး အထူးသဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးအသွင်ကူးပြောင်းသည့် ၂၀၁၁မှစ၍ ဖြစ်သည်။ ပြောင်းရွှေ့သူများမှာ အများအားဖြင့် ငယ်ရွယ်ပြီး၊ အများစုမှာ အမျိုးသားများ ဖြစ်ကာ ပြောင်းရွှေ့ခြင်းမပြုလုပ်သည့် သက်တူရွယ်တူများထက်ပို၍ ပညာတတ် လေ့ရှိသည်။ သူတို့သည် များသောအားဖြင့် အလုပ်အကိုင်များ ရရှိရန်အတွက် မြို့ပြများထံသို့ သွားရောက်ခြင်းဖြစ်ပြီး အထူးသဖြင့် တရားဝင်မဟုတ်သည့် လုပ်သားဈေးကွက်များတွင် စိုက်ပျိုးရေးနှင့် မပတ်သက်သည့် အလုပ်အကိုင်များ လုပ်ကိုင်ရန် ရန်ကုန်နှင့် မန္တလေးမြို့များသို့ သွားခြင်းဖြစ်သည်။ ၎င်းတို့ထဲတွင် ဆောက်လုပ်ရေး၊ စားသောက်ဆိုင်နှင့် လက်ဘက်ရည်ဆိုင်များအပြင် အထည်အလိပ်စက်ရုံများတွင် ပို၍ တရားဝင်ကျသော အလုပ်အကိုင်များ လုပ်ကိုင်ကြသည်။ ပြောင်းရွှေ့သူများသည် ထိုအလုပ်အကိုင်များအား ပိုက်ဆံပေးရသည့် ပွဲစားများမှတစ်ဆင့်ထက် အဓိကအားဖြင့် ၎င်းတို့၏ ကျေးရွာများအတွင်းရှိ လူမှုကွန်ရက်များမှတစ်ဆင့် အဆက်အသွယ်ရရှိခြင်း ဖြစ်သည်။

တိုင်းဒေသကြီးနှစ်ခုအကြား ပြောင်းရွှေ့ခြင်း ပုံသဏ္ဌာန်များတွင် အရေးကြီးသည့် တူညီမှုများရှိသည်။ ပထမဦးဆုံးတစ်ခုမှာ ဒေသနှစ်ခုစလုံးတွင် မြေယာမဲ့သူ အိမ်ထောင်စုများအနေနှင့် ကျန်လူဦးရေထက်စာလျှင် ပြောင်းရွှေ့သည့် မိသားစုဝင်များ ရှိနိုင်ခြေ ပို၍များပြားသည်။ တစ်ဘက်မှကြည့်လျှင် ၎င်းသည် မြေယာမဲ့သူ အိမ်ထောင်စုဝင်များအတွက် မူလကျေးရွာများတွင် တစ်နှစ်ပတ်လုံးရရှိနိုင်သည့် ဝင်ငွေမရှိကြခြင်းကြောင့်လည်း ဖြစ်သည်။ ထို့အပြင် ၎င်းကပြသသည်မှာ အသေးစားနှင့် အလတ်စားပိုင်ဆိုင်မှုရှိသည့် အိမ်ထောင်စုများအနေနှင့် မိသားစုဝင်များ၏ လုပ်အားပံ့ပိုးမှုအပေါ် မှီခိုခြင်း ဖြစ်သည်။ ဒုတိယတစ်ခုအနေနှင့် ဒေသနှစ်ခုစလုံးတွင် အမျိုးသားများသည် အမျိုးသမီးများထက် သိသိသာသာ ပို၍ပြောင်းရွှေ့နိုင်ဖွယ်ရှိပြီး၊ မကွေးတွင် အမျိုးသားများသည် အမျိုးသမီးများထက် နှစ်ဆပို၍ပြောင်းရွှေ့ကာ ဧရာဝတီတွင် ပြောင်းရွှေ့သူ ၆၀ရာခိုင်နှုန်းမှာ အမျိုးသားများဖြစ်သည်။ ကိန်းဂဏန်းများ ထိုကဲ့သို့ ရှိသော်လည်း ဒေသနှစ်ခုစလုံး၏ ပြောင်းရွှေ့သူများထဲတွင် အနည်းဆုံး သုံးပုံ တစ်ပုံမှာ အမျိုးသမီးများဖြစ်သည်။

တိုင်းဒေသကြီးနှစ်ခုအကြား သိသာထင်ရှားသည့် ကွာဟမှုများလည်းရှိသည်။ ဧရာဝတီတွင် ပြောင်းရွှေ့မှုသည် တူညီသည့် ပထဝီအနေအထား ပုံစံအတိုင်း သွားပြီး၊ ပြောင်းရွှေ့သူတို့၏ ၅၈ရာခိုင်နှုန်းသည် ရန်ကုန်သို့သွားကာ ၎င်းသည် ထိုဒေသမှ ပြောင်းရွှေ့သူများ၏ အဓိကရွေးချယ်စရာ ဦးတည်ချက်ဖြစ်သည်။ ဧရာဝတီမှ ပြောင်းရွှေ့သူများသည်လည်း ယေဘုယျအားဖြင့် ၎င်းတို့၏ အိမ်ထောင်စုများထံမှ ထွက်ခွာချိန်တွင် လူငယ်များဖြစ်ကြပြီး မကွေးမှ ပြောင်းရွှေ့သူများနှင့် နှိုင်းယှဉ်လျှင် မူလတန်း သို့မဟုတ် အလယ်တန်းအဆင့် ပညာရေးသာရှိကြသည်။ ဆုံးဖြတ်ချက်မချမှတ်မီ အလုပ်အကိုင်အတွက် ကြိုတင်အာမခံချက် အတည်ပြုနိုင်မှသာလူများသည် ဧရာဝတီမှ ပြောင်းရွှေ့ နိုင်ခြေများသည်။ ထိုအာမခံချက်များသည် ပုံမှန်အားဖြင့် မြို့တွင် အလုပ်လုပ်ကိုင် နေသော မိသားစုဝင်တစ်ဦး သို့မဟုတ် ဆွေမျိုးတစ်ဦးထံမှ ရရှိခြင်းဖြစ်ပြီး၊ အကြောင်းမှာ ထိုကဲ့သို့သောကွန်ရက်များအား ပိုမိုစိတ်ချရသည့် အချက်အလက် များအနေနှင့် ပြောင်းရွှေ့နိုင်သူများက မြင်ခြင်းကြောင့် ဖြစ်သည်။

ဧရာဝတီနှင့်မကွေးတိုင်းဒေသကြီးများမှ လူများအနေနှင့် မည်သည့်နေရာသို့ ရွှေ့ပြောင်းသည့်ပုံစံများနှင့် ထိုရွှေ့ပြောင်းခြင်း ဦးတည်သည့်နေရာများတွင်

သူတို့ လုပ်ကိုင်သည့်အရာများအား ဖော်ထုတ်ပြီးသည့်အခါ၊ လေ့လာမှုသည် ထိုဒေသများရှိ လူများအနေနှင့် မည်သည့်အကြောင်းကြောင့် ပြောင်းရွှေ့ရန် ရွေးချယ်သည်ဆိုသော မေးခွန်းအား စူးစမ်းမည်ဖြစ်သည်။ ထိုကဲ့သို့ ပြုလုပ်ရန် အတွက် ပြောင်းရွှေ့ခြင်းကို တွန်းအားပေးသည့် အကြောင်းအရာ မျိုးစုံတို့အား ဖော်ထုတ်ရန်လိုအပ်ပြီး၊ ၎င်းတို့မှာ – ဝင်ငွေကွာဟမှု၊ အလုပ်အကိုင်ရရှိနိုင်မှုနှင့် လုပ်ကိုင်ရသည့် အနေအထားများနှင့် လူနေမှုပုံစံများ ကွာခြားမှုတို့အပြင် အကန့်အသတ်ဖြစ်စေသည့် အကြောင်းအရာများဖြစ်သော လုံခြုံမှု၊ ငွေရေးကြေးရေးနှင့် လူမှုရေးဆိုင်ရာဆုံးရှုံးမှုတို့ ပါဝင်သည်။ အလားအလာ ရှိသည့် ပြောင်းရွှေ့သူ တစ်ဦးချင်း၏ ဆုံးဖြတ်ချက်များကို အားပေးပြီး အကန့်အသတ်များကို ကျော်လွှားစေကာ ပြောင်းရွှေ့ခြင်းကို ဦးတည်စေသည့် အကြောင်းအရာများထဲတွင် မြို့ပြအလုပ်အကိုင်များထံသို့ ပို့ဆောင်ရေး ရရှိနိုင်ခြင်း၊ ဆက်သွယ်ရေးဆိုင်ရာနည်းပညာနှင့် အရေးကြီးဆုံးဖြစ်သည့် လူမှု ကွန်ရက်များ ပါဝင်သည်။ လူမှုကွန်ရက်များသည် လိုအပ်ချက်များစွာတို့အား ဖြည့်ဆည်းပေးနိုင်ပြီး၊ ထိုအထဲတွင် မူလကျေးရွာတွင် ရှိနေစဉ် အလုပ်အကိုင် အခွင့်အလမ်းများအား ဖော်ထုတ်ပေးခြင်း၊ သွားရောက်မည့်နေရာများတွင် နေထိုင်စရာစီစဉ်ပေးခြင်းနှင့် အသစ်ဖြစ်ပြီး စိမ်းနေသေးသည့် ပတ်ဝန်းကျင် တစ်ခုထံသို့ ပြောင်းရွှေ့ခြင်း၏ စိတ်ဖိစီးမှုတို့အား လျော့ကျစေခြင်းတို့ ပါဝင်သည်။ ထိုအကြောင်းအရာများအတွက် လူမှုကွန်ရက်များ အသုံးပြုခြင်းသည် ဝမ်းရေးဖူလုံမှုဆိုင်ရာ အကန့်အသတ်များကြားမှ မိသားစုစီးပွားရေးအတွက် လုံးပမ်းနေသည့် အိမ်ထောင်စုများစွာရှိသော မြန်မာနိုင်ငံ၏ကျေးလက်အနေအထား အတွက် အထူးအရေးကြီးသည်။

လူများ အဘယ်ကြောင့်ပြောင်းရွှေ့သနည်းဆိုသော မေးခွန်းအား ကိုင်တွယ်သည့် အခါတွင် မြေ၊ လုပ်အား၊ ပညာရေးနှင့် အရင်းအနှီးအစရှိသော အိမ်ထောင်စုများ ရရှိနိုင်သည့် ပိုင်ဆိုင်သောအရာများအား ရောင်ပြန်ဟပ်သည့် ထိန်းချုပ်မှု နည်းလမ်းမျိုးစုံနှင့်အတူ ပြောင်းရွှေ့သူတစ်ဦး အိမ်ထောင်စုများတွင် ရှိနိုင်ခြေကို လေ့လာသည့် နောက်ပြန်ဆွဲသည့် စိတ်ဖြာလေ့လာမှု (regression analysis) မှ တစ်ဆင့် စမ်းသပ်မှုပြုလုပ်သည့် ပုံစံနမူနာအား အသုံးပြု၍ ဤလေ့လာမှုသည် ထိုအကြောင်းအရာများ၏ ဆက်စပ်သော အရေးပါမှုတို့အား ဆန်းစစ်သည်။ ဤပုံစံနမူနာက အတည်ပြုသည်မှာ အန္တရာယ်အား ကိုင်တွယ်

ဖြေရှင်းရန် ကြိုးပမ်းသည့် ပြောင်းရွှေ့အိမ်ထောင်စုများသည် လုပ်အားနှင့် အချက်အလက်ဆိုင်ရာ ကွန်ရက်များ ထိတွေ့မှုရှိသည့်အခါမျိုးများတွင် ကွဲပြားပြီး ပိုမိုစိတ်ချရသည့်ဝင်ငွေ ရရှိနိုင်သည့်အလားအလာ ဖော်ထုတ်ရန်အတွက် ပြောင်းရွှေ့ရန် ရွေးချယ်ခြင်းဖြစ်သည်။ နောက်ပြန်ဆွဲသည့် စိတ်ဖြာလေ့လာမှု (regression analysis) က ထပ်မံပြသသည်မှာ ပြောင်းရွှေ့ရန် ဆုံးဖြတ်ချက်ချခြင်းသည် အစားထိုး ဝင်ငွေဇာစ်မြစ်များ ရှိနေခြင်းနှင့် ပြောင်းပြန်ဆက်စပ်မှုရှိပြီး ထိုကဲ့သို့သော ဝင်ငွေစီးဆင်းမှုမရှိသော အိမ်ထောင်စုများသည် ပြောင်းရွှေ့မည့် အလားအလာ ပိုများသောကြောင့် အိမ်ထောင်စုအများအပြား၏ ပြောင်းရွှေ့မှုသည် ပုံမှန်ဝင်ငွေစီးဆင်းမှု မရှိခြင်းအား တုံ့ပြန်သည့်ယန္တရားတစ်ခု ဖြစ်သည်ဆိုသော အယူအဆကို အတည်ပြုခြင်းဖြစ်သည်။ ဧရာဝတီတွင် ဝင်ငွေမြစ် ပို၍ များများစားစားရှိသော အိမ်ထောင်စုသည် ပြောင်းရွှေ့မည့်အလားအလာ ပို၍ နည်းပါးကာ၊ ၎င်းကညွှန်ပြသည်မှာ သူတို့အနေနှင့် ပြောင်းရွှေ့ခြင်းအား အန္တရာယ် ကိုင်တွယ်ဖြေရှင်းရန် ကိရိယာတစ်ခုအနေနှင့် အသုံးပြုရန် မလိုအပ်ခြင်းဖြစ်သည်။ မကွေးတွင် အနည်းအကျဉ်းသာ ပိုင်ဆိုင်မှုရှိသော အိမ်ထောင်စုများသည် မြေယာလုံးဝမရှိသူများထက် ပြောင်းရွှေ့နှုန်း ပို၍နည်းပါးပြီး ဖြစ်နိုင်ခြေများသည့် အကြောင်းရင်းမှာ သူတို့တွင် ဝင်ငွေစီးဆင်းမှုနှစ်ခုရှိနေကာ – ကိုယ်ပိုင်စိုက်ပျိုးရေး သို့မဟုတ် လုပ်ငန်းနှင့်ဝန်ထမ်း သို့မဟုတ် ကျပန်းအလုပ်သမားအနေနှင့် သွားရောက်လုပ်ကိုင်နိုင်ခြေတို့ ဖြစ်သည်။

အားလုံးခြုံငုံပြီးကြည့်လျှင် ဤလေ့လာမှုက အတည်ပြုသည်မှာ မြန်မာနိုင်ငံအတွင်းရှိ ပြောင်းရွှေ့မှု ပုံပန်းသဏ္ဌာန်များနှင့် လှုံ့ဆော်ချက်များသည် နှိုင်းယှဉ်လို့ရသည့် နိုင်ငံတကာ အဖြစ်အပျက်များနှင့် တစ်သမတ်တည်း ဖြစ်သော်လည်း ပြောင်းရွှေ့ခြင်း နှင့် ဖွံ့ဖြိုးမှုဆိုင်ရာ အပြန်အလှန် အကျိုးပြုမှုတို့အတွက် ဆက်စပ်သည့် အချက်အလက်အချို့အား မှတ်သားထားရန် လိုမည်။ ပထမဦးဆုံးအနေနှင့် အရည်အသွေးပဓာနထားသည့် သုတေသနက တွေ့ရှိသည်မှာ မူလနေရာများနှင့် သွားရောက်သည့် နေရာများအကြား ဝင်ငွေကွာဟမှုသည် သိပ်မများသော်လည်း မြို့ပြအလုပ်အကိုင်များ၏ ခိုင်မာမှုနှင့် ပုံမှန်ဖြစ်မှုတို့သည် လူများအား ပြောင်းရွှေ့ရန်ဆွဲဆောင်သည့် သိသာထင်ရှားသော မက်လုံးများဖြစ်ပြီး၊ အထူးသဖြင့် အန္တရာယ်များအား ကိုင်တွယ်ဖြေရှင်းလိုသည့် ပြောင်းရွှေ့သူများအတွက် ဖြစ်သည်။ ဒုတိယအနေနှင့် လူမှုကွန်ရက်များသည် ပြောင်းရွှေ့မှုနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်များအပေါ် လွှမ်းမိုးရာတွင် ပြိုင်ဘက်ကင်းသည့် အခန်းကဏ္ဍတွင်ရှိပြီး၊ အထူးသဖြင့် အန္တရာယ်များ

ကိုင်တွယ်ဖြေရှင်းခြင်းတွင် ဖြစ်သည်။ လူမှုကွန်ရက်များ၏ အင်အားသည်လည်း တစ်ရွာနှင့်တစ်ရွာအကြား သိသာထင်ရှားစွာ ခြားနားပြီး ၎င်းသည် တစ်ရွာနှင့် တစ်ရွာအကြား ပြောင်းရွှေ့မှုနှုန်း ခြားနားမှု၏ အကြောင်းရင်းကို ရှင်းလင်းဖော်ပြ ပေးသည်။ တတိယအနေနှင့် အိမ်ထောင်စုများသည် ပြောင်းရွှေ့မှု အခွင့်အလမ်းများအား စူးစမ်းလေ့လာရာတွင် သတိဝိရိယကြီးစွာဖြင့် ပြုလုပ်လေ့ ရှိသည်။ ၎င်းသည် အန္တရာယ်ကိုင်တွယ်ဖြေရှင်းနေသော ပိုင်ဆိုင်မှု အနည်းအကျဉ်းသာရှိသည့် အိမ်ထောင်စုများအတွက် ပို၍မှန်ကန်သည်။ နောက်ဆုံးအနေနှင့် ပြောင်းရွှေ့မှုနှင့်ပတ်သက်သည့် ငွေကြေးကုန်ကျမှုများသည် အုပ်စုအများစုအတွက် အနည်းအကျဉ်းသာရှိပြီး ပြောင်းရွှေ့ရန် ဆုံးဖြတ်ချက်များ ချရာတွင် များသောအားဖြင့် ကိုယ်ပိုင်ထောက်ပံ့မှု သို့မဟုတ် မိသားစု၏ ငွေကြေး ထောက်ပံ့မှုဖြင့် ပြောင်းရွှေ့ခြင်းဖြစ်သည်။

ဤအချက်အလက်များ၏ ဆက်နွယ်သည့်အရေးပါမှုသည် ဒေသအလိုက်၊ လူများ၏ လှုံ့ဆော်အားများအလိုက်နှင့် ပြောင်းရွှေ့ခြင်းဆိုင်ရာ မဟာဗျူဟာများအလိုက် များစွာကွာခြားသည်။ ၎င်းကွာဟမှုများအား ပိုင်းခြားစိတ်ဖြာရန်အတွက် ကျွန်ုပ်တို့သည် ဥပမာအားဖြင့် ပြောင်းရွှေ့မှုအမျိုးအစားသုံးမျိုး ခွဲခြားသတ်မှတ် ထားသည် – အန္တရာယ်ကိုင်တွယ်ဖြေရှင်းခြင်း၊ တုန်လှုပ်မှုတစ်ခုအား တုံ့ပြန်ခြင်း နှင့် တိုးတက်မှုအတွက် ပြောင်းရွှေ့ခြင်းတို့ဖြစ်သည်။

> အန္တရာယ်ကိုင်တွယ်ဖြေရှင်းခြင်း – မှတ်သားထားပြီးသည့်အတိုင်း ဤလေ့လာမှုအတွင်း အိမ်ထောင်စု အများအပြားသည် ဝမ်းရေးဖူလုံမှုဆိုင်ရာ အကန့်အသတ်များ ရင်ဆိုင်နေကြရပြီး၊ ဆိုလိုသည်မှာ ၎င်းတို့အနေနှင့် အခြေခံ နေ့စဉ်လိုအပ်ချက်များအား ရရှိရန် အခက်အခဲများရှိပြီး တုန်လှုပ်မှုအား ကိုယ်တွယ်ဖြေရှင်းရလျှက်ရှိသည်။ ထပ်ပြီး ပိုမိုဆိုးရွား စေသည်မှာ မြန်မာနိုင်ငံအတွင်းရှိ ကျေးလက်စိုက်ပျိုးရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းများတွင် အန္တရာယ်နှင့် မတည်ငြိမ်မှုတို့ အမြဲရှိနေခြင်း ဖြစ်သည်။ ၎င်းကဲ့သို့သော အိမ်ထောင်စုများသည် ဝင်ငွေအား ပို၍ ကြိုတင်ခန့်မှန်းလို့ရသည့် မြို့ပြအလုပ်အကိုင်များထံသို့ အိမ်ထောင်စုလုပ်အားများ ခွဲဝေခြင်းဖြင့် ကိုင်တွယ်ဖြေရှင်းရန် ပြောင်းရွှေ့ခြင်း ဖြစ်သည်။ ရောဝတီနှင့် မကွေးတိုင်းဒေသကြီးများမှ ပြောင်းရွှေ့သူအများစု မဟုတ်လျှင်တောင် အများအပြားသည် ဤအမျိုးအစားထဲတွင်ပါဝင်သည်။ ထိုဒေသများတွင်ရရှိသည့် အရည်အသွေးဆိုင်ရာ သုတေသန



အထောက်အထားများအရ ကျေးလက်နှင့်မြို့ပြ လစာများ သိသာထင်ရှားစွာ ကွာဟမှုမရှိသော်လည်း ပြောင်းရွှေ့နှုန်းသည် အလွန်မြင့်မားလျက်ရှိပြီး ၎င်းက ညွှန်ပြသည်မှာ ထိုကဲ့သို့သော အိမ်ထောင်စုများသည် အဓိကအားဖြင့် အန္တရာယ်အား ကိုင်တွယ်ဖြေရှင်းရန်အတွက် ပြောင်းရွှေ့ခြင်းဖြစ်သည်။ ထိုကဲ့သို့သော ပြောင်းရွှေ့သူများသည် ပြောင်းရွှေ့ခြင်း ကြိုးပမ်းမှုတွင် မအောင်မြင်မှု၏ အန္တရာယ်ကို ကိုင်တွယ်ဖြေရှင်းနိုင်စွမ်း သိပ်မရှိပါ။ ထို့ကြောင့် ၎င်းတို့သည် များသောအားဖြင့် တည်ရှိနေသော လူမှုကွန်ရက် များမှတစ်ဆင့်သာ ပြောင်းရွှေ့လေ့ရှိပြီး ထိုအခါတွင် သူတို့၏အလုပ်အကိုင် များအား ကြိုတင် သေချာအောင်ပြုလုပ်နိုင်ခြင်းကြောင့် ဖြစ်သည်။ ထိုကဲ့သို့ ပြုလုပ်ခြင်းဖြင့် အန္တရာယ်အား ရှောင်ရှားနိုင်သော်လည်း လစာနည်းသည့် အလုပ်အကိုင်များတွင် ဆက်လက်လုပ်ကိုင်နေရတတ်ပြီး ရေရှည်တွင် ပိုမိုကောင်းမွန်နိုင်စေသည့် ရင်းနှီးခြင်း သို့မဟုတ် စွန့်စားခြင်းများလည်း မပြုလုပ်နိုင်ပါ။

တုန်လှုပ်မှုတစ်ခုအားတုံ့ပြန်ခြင်း – ကျွန်ုပ်တို့ ဥပမာယူထားသည့် အခြား အိမ်ထောင်စုများ၌ အထက်တွင်ဖော်ပြထားသော ဝမ်းရေးဖူလုံမှုဆိုင်ရာ အကန့်အသတ်နှင့် ကိုက်ညီသော်လည်း သူတို့သည် သိသာထင်ရှားသည့် ဆိုးရွားသော တုန်လှုပ်မှုဒဏ်အား ခံထားခဲ့ရပြီးဖြစ်ကာ သူတို့အနေနှင့် အကန့်အသတ်များအား ကျော်လွှားနိုင်စွမ်းမရှိကြပါ။ တုန်လှုပ်မှုများထဲတွင် အိမ်ထောင်စုအဆင့်၌ ကျန်းမာရေးနှင့် ထိခိုက်ဒဏ်ရာရခြင်းကဲ့သို့သော တုန်လှုပ်မှုများ သို့မဟုတ် စိုက်ခင်းများ ပျက်စီးသွားသည့် တုန်လှုပ်မှုများ ပါဝင်ပြီး ရပ်ရွာလူထုအဆင့်၌ ရာသီဥတုဆိုင်ရာတုန်လှုပ်မှုနှင့် ကျွန်ုပ်တို့၏ လေ့လာမှုတွင် မြစ်ဝကျွန်းပေါ်ဒေသများ၌ နာဂစ်မုန်တိုင်း၏ နောက်ဆက်တွဲ ဆိုးကျိုးများ ပါဝင်သည်။ ထိုအိမ်ထောင်စုများသည် တစ်နည်းအားဖြင့် မူလနေရာများမှ တွန်းထုတ်ခံကြရပြီး၊ တုန်လှုပ်မှု၏ ဆိုးကျိုးများကြောင့် ဝမ်းရေးဖူလုံမှုအတွက် ဖြေရှင်းနိုင်စွမ်းမရှိတော့ပါ။

ပြောင်းရွှေ့မှုနှုန်းများသည် သဘောအားဖြင့် မြင့်မားသော်လည်း ထို အိမ်ထောင်စုများအပေါ် မြင်သာသည့် သိသာထင်ရှားသော စီးပွားရေး သက်ရောက်မှုများ မတွေ့ရှိရသေးပါ။

တိုးတက်မှုအတွက် ပြောင်းရွှေ့ခြင်း – အသက်မွေးဝမ်းကျောင်းအုပ်စု မျိုးစုံတို့၏ အခြားတစ်ဘက်တွင် တွေ့ရှိသည့် အိမ်ထောင်စုအချို့မှာ မြေ သို့မဟုတ် အခြား ပိုင်ဆိုင်မှုများကြောင့် ဆင်းရဲနွမ်းပါးမှုမရှိသော်လည်း တိုးတက်မှုအတွက် ပြောင်းရွှေ့ကြခြင်းဖြစ်သည်။ ထိုအိမ်ထောင်စုများ အနေနှင့် ပြောင်းရွှေ့မှုအား မြန်မာနိုင်ငံ၏ဈေးကွက် စီးပွားရေးနှင့် တိုးတက်မှုတို့တွင် ပါဝင်နိုင်သည့် အခွင့်အလမ်း တစ်ခုအနေနှင့် မြင်ကြပြီး၊ အထူးသဖြင့် မြို့ပြများတွင် ပေါ်ထွက်လာသည့် အခွင့်အလမ်းများနှင့် ပတ်သက်၍ဖြစ်သည်။ ၎င်းတို့သည် ပြောင်းရွှေ့မှုအား လူမှုရေးနှင့်စီးပွားရေး တိုးတက်မှုအတွက် နည်းလမ်းတစ်ခုအနေနှင့် မြင်ကြသောကြောင့် ဤလေ့လာမှုသည် ထိုအိမ်ထောင်စုများအား အပေါ်သို့ တိုးတက်မှုအတွက် ပြောင်းရွှေ့ခြင်းဟု အမျိုးအစား သတ်မှတ်သည်။ အပေါ်သို့ တိုးတက်မှု အတွက် ပြောင်းရွှေ့သည့် အိမ်ထောင်စုများသည် ထိုကဲ့သို့သော အခွင့်အလမ်းများအား ပိုမို ကောင်းမွန်သည့် တရားဝင်ပညာရေးမှတစ်ဆင့် သွားကြပြီး ကျွမ်းကျင်မှုဆိုင်ရာ အလုပ်အကိုင်များတွင် ယှဉ်ပြိုင် နိုင်ခြေ ပိုရှိကာ၊ နိုင်ငံတကာ ပြောင်းရွှေ့မှုတွင်လည်း ပါဝင်ပြီး လတ်တလောငွေ စိုက်ထုတ်သုံးစွဲရမှု ပိုမိုများပြားသော်လည်း တရုတ်၊ ထိုင်း၊ မလေးရှား နှင့် တောင်ကိုရီးယား နိုင်ငံများတွင် လစာများ ပိုမိုများပြားသောကြောင့် ငွေကြေးအရ ပြန်လည်ရရှိမှုသည်လည်း များပြားသည်။ တရားဝင်ပညာရေးနှင့် နိုင်ငံတကာ ပြောင်းရွှေ့မှုအတွက် ကုန်ကျစရိတ်များသည် အပေါ်သို့ တိုးတက်မှုအတွက် ပြောင်းရွှေ့သည့် အိမ်ထောင်စုများ၏ ရင်းနှီးမြှုပ်နှံမှုများဖြစ်သည်။ ထိုကဲ့သို့သော ရင်းနှီး မြှုပ်နှံမှုများအား တတ်နိုင်မှုသည် အိမ်ထောင်စုများ ပိုင်ဆိုင်သည့် ပိုင်ဆိုင်မှုများနှင့် တိုက်ရိုက်ဆက်နွယ်လျှက် ရှိသည်။

ပြောင်းရွှေ့မှုနှုန်းများသည် သဘောအားဖြင့် မြင့်မားသော်လည်း ထိုအိမ်ထောင်စု များအပေါ် မြင်သာသည့် သိသာထင်ရှားသော စီးပွားရေး သက်ရောက်မှုများ မတွေ့ရှိရသေးပါ။ ၎င်းသည် အဓိကအများဆုံး ပြောင်းရွှေ့မှု အမျိုးအစား၏ သဘာဝကို ရောင်ပြန်ဟပ်လျှက်ရှိပြီး၊ အများစုမှာ ကျွမ်းကျင်မှု နည်းပါးသည့် အလုပ်အကိုင်များအတွက် မြို့များထံသို့ ပြောင်းရွှေ့ခြင်းဖြစ်သည်။ ဝင်ငွေ ကွာခြားမှုသည် သိပ်မများသောကြောင့် အဓိကအားဖြင့် အစားအစာ ကုန်ကျစရိတ်ကိုသာ ပံ့ပိုးပေးနိုင်ပြီး အိမ်ထောင်စုအနည်းစုသာလျှင် ဝင်ငွေအား ထုတ်လုပ်မှုရှိသည့် ပိုင်ဆိုင်မှုများထံသို့ လွှဲပြောင်းနိုင်သည်။ လူမှုရေး

သက်ရောက်မှုအနေနှင့် ကြည့်လျှင် ပြောင်းရွှေ့မှုများသည် အိမ်ထောင်စုများအပေါ် အခန်းကဏ္ဍဆိုင်ရာ သက်ရောက်မှုများ ဖြစ်ပေါ်စေပြီး၊ အကြောင်းမှာ ကျန်ခဲ့သော အိမ်ထောင်စုဝင်များအနေနှင့် တာဝန်များကို ပိုယူလာကြရသောကြောင့် ဖြစ်ကာ ပြောင်းရွှေ့သူများရှိသည့် အိမ်ထောင်စုများ၏ သုံးပုံတစ်ပုံတွင် ပြောင်းရွှေ့သူများ ထွက်ခွာသွားပြီးနောက် အိမ်ထောင်စုအဆင့် တာဝန်ဝတ္တရားများ ပိုမိုများပြားလာသည်။ အိမ်ထောင်စုအဆင့်တွင် ပြောင်းရွှေ့သူများ၏ မိသားစုဝင် များသည် ရရှိသည့်ငွေများအား ဝင်ငွေတိုးပွားလာရန်နှင့် အကြွေးများ လျှော့ပါး လာရန် အသုံးပြုသည်။

ထိုနည်းတူ ပြောင်းရွှေ့သူများအားပို့ပေးသည့် ကျေးရွာများအပေါ် စုပေါင်း သက်ရောက်မှုများအား ခိုင်မာစွာဖော်ထုတ်ရန် စောသေးသော်လည်း အချို့သော ပဏာမတွေ့ရှိချက်အတွက် ဆက်လက်လေ့လာမှုများ ပြုလုပ်သင့်သည်။ ပထမဦးဆုံးအနေနှင့် ပြောင်းရွှေ့ခြင်းအား ကျေးရွာ၏သက်ဝင်မှုအတွက် အပြုသဘောဆောင်သည့် သက်ရောက်မှုရှိသည်ဟု ရောဝတီမှာထက် မကွေးတွင် ပို၍မြင်ကြသည်။ ၎င်းသည် ပြောင်းရွှေ့ခြင်း၏ မတူညီသောသဘာဝကို ရောင်ပြန်ဟပ်ပြီး၊ မကွေးတွင် တုန်လှုပ်မှုတစ်ခုအား တုံ့ပြန်သည့် ပြောင်းရွှေ့မှုနှင့် နိုင်ငံတကာနှင့် ပတ်သက်ဆက်နွယ်သည့် အပေါ်သို့ တိုးတက်မှုအတွက် ပြောင်းရွှေ့ခြင်း နှစ်မျိုးတို့သည် အများဆုံး ဖြစ်ပွားလျှက်ရှိသောကြောင့် ရလဒ်မှာ ပြောင်းရွှေ့ခြင်းသည် ငွေကြေးအခက်အခဲများအား အဖြေရှာခြင်းကို ပံ့ပိုးပေးသည်ဆိုသောအမြင် သို့မဟုတ် ရပ်ရွာလူထုထံသို့ နိုင်ငံတကာဝင်ငွေများ အတွက် ရင်းနှီးခြင်းဟူ၍ အသီးသီးမြင်ကြသည်။ ဒုတိယအနေနှင့် တိုင်းတာရန် ခက်ခဲသော်လည်း ရွှေ့ပြောင်းခြင်းအား ဒေသတွင်း လူအင်အား ဈေးကွက်အပေါ် သက်ရောက်မှုများရှိသည်ဟု မြင်ကြပြီး၊ ပြောင်းရွှေ့မှုနှုန်းမြင့်သောကျေးရွာများတွင် ကျပန်းအလုပ်သမားရှာရန် စိန်ခေါ်မှုများပိုရှိသည်ဟု သတင်းပို့သည်။

ထိုပြောင်းရွှေ့မှု အမျိုးအစားများအား အသုံးပြု၍ လေ့လာမှုသည် ပြောင်းရွှေ့မှု သက်ရောက်မှုနှင့်ရလဒ်များ အဆင့်ဆင့်တို့အတွင်းရှိ အဓိကကျသည့် အကြောင်းအရာများအား ဖော်ထုတ်ပြီး ၎င်းတို့မှာ ပြောင်းရွှေ့မှုမပြုလုပ်မီ အဆင့်တွင် အလုပ်အကိုင်နှင့်ပတ်သက်သည့် အချက်အလက်များ လက်လှမ်းမီခြင်းနှင့် ပညာရေးနှင့် အသက်မွေးမှုဆိုင်ရာ ကျွမ်းကျင်မှုများကဲ့သို့သော လူသားအရင်းအနှီး ပိုင်ဆိုင်ခြင်း၊ ပြောင်းရွှေ့သည့်ကာလတွင် ဝန်ဆောင်မှုများနှင့် အလုပ်ခွင်အတွင်း

အသက်မွေးမှုဆိုင်ရာ သင်တန်းများ လက်လှမ်းမီခြင်းတို့နှင့် ပြန်လာသည့် ကာလနှင့် အပြီးအပိုင် ပြောင်းရွှေ့မှုတို့အကြားတွင် အိမ်ရှင်လူ့အဖွဲ့အစည်း သို့မဟုတ် မူလကျေးရွာတို့နှင့် ပေါင်းစည်းနိုင်ခြင်းတို့ ဖြစ်သည်။ ထိုအဓိက ကျသည့် အချက်များသည် LIFT နှင့် အခြား ဆောင်ရွက်သူများအတွက် ကြားဝင်ဆောင်ရွက်မှုဆိုင်ရာ အကြံပြုချက်များအတွက် အခြေခံအနေနှင့် အသုံးပြုနိုင်သည်။ ဧရာဝတီနှင့်မကွေးတို့တွင်ရှိသည့် ပြောင်းရွှေ့သူအများစု မဟုတ်သည့်တိုင်အောင် အများအပြားသည် ဝမ်းရေးဖူလုံမှုဆိုင်ရာ အကန့် အသတ်များနှင့် ပတ်သက်သည့် အန္တရာယ်ကိုင်တွယ်ဖြေရှင်းခြင်းအတွက် ပြောင်းရွှေ့ခြင်းဖြစ်သောကြောင့် အန္တရာယ်ကိုင်တွယ်ဖြေရှင်းခြင်းအား ပံ့ပိုးသည့် ဝင်ရောက်ဆောင်ရွက်မှုများ ပြုလုပ်ပေးခြင်းသည် အဓိကအကျဆုံးဖြစ်သည်ဟု တွေ့ရှိရသည်။ ထိုဒေသများတွင် ပြောင်းရွှေ့သူများ၏ အန္တရာယ် ကိုင်တွယ် ဖြေရှင်းခြင်း မဟာဗျူဟာများအား ပိုမိုကောင်းမွန်လာအောင် ပြုလုပ်ခြင်းသည် ပြောင်းရွှေ့သူများအနေနှင့် အန္တရာယ်များအား ပိုမိုကောင်းမွန်စွာစီစဉ်ပြီး စနစ်ကျကာ ပေါင်းစပ်ပြီးဆောင်ရွက်သည့်နည်းလမ်းဖြင့် ကိုင်တွယ်ခြင်းအပေါ် မူတည်သည်။ ပြောင်းရွှေ့ခြင်း ကြိုးပမ်းမှုမအောင်မြင်ခြင်းသည် ဝမ်းရေးဖူလုံမှု ဆိုင်ရာ အကန့်အသတ်များအောက်သို့ ကျဆင်းမသွားရန်အတွက် အလားအလာရှိ သည့်ပြောင်းရွှေ့သူများအား ပံ့ပိုးမှုပေးရာတွင် အန္တရာယ် ကိုင်တွယ်ဖြေရှင်းလိုသည့် ပြောင်းရွှေ့သူများအနေနှင့် အပေါ်သို့ တိုးတက်မှုအတွက် ပြောင်းရွှေ့ခြင်းဆီသို့ ဦးတည်ရန် ပညာရေးနှင့်သင်တန်းတို့တွင် ရင်းနှီးနိုင်ရန်အတွက် မှန်ကန်သည့် မက်လုံးများပေးရန် လိုအပ်သည်။ ထိုကဲ့သို့ပြုလုပ်ခြင်းဖြင့် အလားအလာရှိသည့် ပြောင်းရွှေ့သူများအား ပေါ်ထွက်လာသည့် မြို့ပြအခွင့်အလမ်းများကို ဘေးကင်းသည့် နည်းလမ်းဖြင့် အခွင့်အရေးယူနိုင်စေခြင်းဖြင့် ဆင်းရဲနွမ်းပါးမှု ကျဆင်းစေပြီး ပိုမိုကျယ်ပြန့်သည့် စီးပွားရေးတိုးတက်မှုအား macro အဆင့်တွင် ဖြစ်ပေါ်လာစေခြင်းနှင့်ပတ်သက်သည့် ရွှေ့ပြောင်းမှုဆိုင်ရာ ဖွံ့ဖြိုးမှု အပြန်အလှန် အကျိုးပြုမှုများအတွက် အရေးကြီးသည့် သက်ရောက်မှုများရှိသည်။

WORLD BANK GROUP

**The World Bank Myanmar**

No 57, Pyay Road, (Corner of Shwe Hinthar Road), 61/2 Mile, Hlaing Township, Yangon, Republic of the Union of Myanmar.

www.worldbank.org/myanmar
www.facebook.com/
myanmar@worldbank.org